မြန်မာသတင်းလွှာ

မြန်မာနိုင်ငံမှတလအတွင်းဖြစ်ရပ်များအားသုံးသပ်မှု

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ်စဉ် ၈၄ ၂၀၁၃ ခု၊ ဒီဇင်ဘာလ

- သမ္မတဦးသိန်းစိန်သည် နိုင်ငံရေးအကျဉ်းသားများအတွက် လွတ်ငြိမ်းချမ်းသာခွင့်နှစ်ကြိမ်ကို သီးခြားစီကြေငြာခဲ့သည်။ နှစ်ကုန်တွင် နိုင်ငံရေးအကျဉ်းသားအားလုံးကိုလွှတ်ပေးမည်ဟုသူက ကတိပေးခဲ့သော်လည်း ၂၀၁၄ နှစ်စတွင် INGO ဝန်ထမ်းများနှင့်ရိုဟင်ဂျာလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပါအဝင် တော်တော်များများအား ထိန်းသိမ်းထားဆဲဖြစ်ပါသည်။
- ဒီဇင်ဘာလအစောပိုင်းတွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ဖမ်းဆီးထိန်းသိမ်းမှုအသစ်များဆက်လက်ဖြစ်ပွားခဲ့သည်။ တက်ကြွလှုပ်ရှားသူနှစ်ဦးတို့သည် သူတို့လွတ်မြောက်လာပြီး နာရီပိုင်းအတွင်းတွင်ပင် ပြန်လည်ဖမ်းဆီး၍အကျဉ်းထောင်အတွင်းသို့ပြန်လည်ပို့ဆောင်ခြင်းခံခဲ့ရသည်။
- နှစ်ကုန်တွင်တနိုင်ငံလုံးအနှံ့အပစ်အခတ်ရပ်စဲရေးရရှိရမည်ဟူသော နေပြည်တော်၏ကတိပေးထားမှုသည် ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဆက်လက်ဖြစ်ပွားနေသောတပ်မတော်၏ ထိုးစစ်များကြောင့် မအောင်မြင်ပဲရှိနေရဆဲဖြစ်ပါသည်။
- အာဏာပိုင်များသည် သတင်းထောက်တဦးအားထောင်ဒဏ်ချမှတ်ခဲ့ကာ အစိုးရအားဝေဖန်သည့်ဆောင်းပါးအား ပုံနှိပ်ဖော်ပြခဲ့သည့်အတွက် အပတ်စဉ်သတင်းဂျာနယ်တခုအားပစ်မှတ်ထားခဲ့ကြသည်။
- အစိုးရအာဏာပိုင်များသည် ရန်ကုန်မြို့သင်္ဃန်းကျွန်းမြို့နယ်တွင် ငြိမ်းချမ်းစွာဆန္ဒပြသူများအား အင်အားသုံးနှိမ်နင်းခဲ့ကြကာ လူရှစ်ဦးဒဏ်ရာရရှိခဲ့ကြသည်။
- ထိုင်းနိုင်ငံတွင်ထိန်းသိမ်းထားသော ခိုလှုံမှုရှာဖွေနေသည့်ရိုဟင်ဂျာများအား လူကုန်ကူးနေမှုများတွင် ထိုင်းအာဏာပိုင်များပါဝင်ပတ်သက်နေသည်ဟူသောအစီရင်ခံစာများ ပေါ်ထွက်လာခဲ့သည်။
- ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမှဘိန်းစိုက်ပျိုးမှုသည် သတ္တမနှစ်မြောက် ဆက်တိုက်နှစ်အဖြစ်မြင့်တက်လာခဲ့သည်ဟု UNODC ၏အစီရင် ခံစာတွင်ဖော်ပြထားသည်။
- မြောက်ကိုရီးယားမှစစ်လက်နက်ကိရိယာများဝယ်ယူမှုတွင် ပါဝင်ပတ်သက်ခဲ့သည့်အတွက် အစိုးရအရာရှိတဦးနှင့်မြန်မာကုမ္ပဏီသုံးခုတို့အား US ဘဏ္ဍာရေးဌာနက ၎င်းတို့၏အထူးသတ်မှတ်ထားသောနိုင်ငံသားများစာရင်းတွင် ထည့်သွင်းခဲ့သည်။

ဤသတင်းလွှာတွင်

ပင်မသတင်း
၂ နှစ်ကုန်လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သော်လည်းတော်တော်များများအားထိန်းသိမ်းထားဆဲ
၂ လွတ်မြောက်လာသောအကျဉ်းသားများနှင့်အခြားတက်ကြွလှုပ်ရှားသူများ အဖမ်းခံနေရဆဲ
မြန်မာနိုင်ငံပြည်တွင်းသတင်းများ
၃ အပစ်မရပ်စဲ၊ ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်တွင်တိုက်ပွဲများပိုမိုလာ
၄ သတ္တမနှစ်ဆက်တိုက်ဘိန်းစိုက်ပျိုးမှုမြင့်တက်လာ
လူ့အခွင့်အရေး
၄ ငြိမ်းချမ်းစွာဆန္ဒပြသူများအားဖြိုခွဲမှုများ
၄ အပတ်စဉ်ဂျာနယ်အားပစ်မှတ်ထား၊ သတင်းထောက်ကိုထောင်ချ
အိုးအိမ်မဲ့ဖယ်ရှားခံရမှုများ
၅ ရိုဟင်ဂျာများလူကုန်ကူးခံရမှုများတွင်ထိုင်းအာဏာပိုင်များပါဝင်ပတ်သက်နေ - စုပြုံထွက်ပြေးမှုများဆက်လက်ဖြစ်ပွား
နိုင်ငံတကာ
၅ အစိုးရအရာရှိနှင့်မြန်မာကုမ္ပဏီ ၃ ခုကိုအမေရိကန်ကနာမည်ပျက်စာရင်းသွင်း
၆ မြန်မာနှင့်ဂျပန်တို့ကူညီထောက်ပံ့မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်ဆံရေးများတိုးမြှင့်
၆ မြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ
၈ အစီရင်ခံစာများ

P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

ပင်မသတင်း

နစ်ကုန်လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သော်လည်းတော်တော်များများအားထိန်းသိမ်းထားဆဲ

နစ်ကုန်တွင်နိုင်ငံရေးအကျဉ်းသားအားလုံးအား လွတ်ပေးမည်ဟုပေးထားသောကတိအပေါ်တွင်ရှိနေသည့် ဖိအားများအား အချိန်ဆွဲထားရန်ကြိုးပမ်းသည့်အနေဖြင့် ဒီဇင်ဘာလတွင်ဦးသိန်းစိန်သည် နိုင်ငံရေးအကျဉ်းသားများအတွက် လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နစ်ခုကို သီးခြားစီကြေငြာခဲ့သည်။

- **ဒီဇင်ဘာ ၁၁** - သမ္မတဦးသိန်းစိန်သည်နိုင်ငံရေးအကျဉ်းသား ၄၁ ဦးအားလွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွှတ်ပေးရန်အမိန့်ပေးခဲ့ကာ ထိုလွတ်ငြိမ်းချမ်းသာခွင့်သည် နေပြည်တော်တွင်ပြုလုပ်သော ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့်တိုက်ဆိုင်နေသည်။ လွတ်မြောက်လာသူများထဲတွင် မျိုးဆက်လိုင်းအဖွဲ့ခေါင်းဆောင်ကိုမိုးသွေး၊ ဒီမိုကရေစီလှုပ်ရှားမှုလက်ရှိအင်အားစု (MDCF) ခေါင်းဆောင်ကိုထင်ကျော်၊ တက်ကြွလှုပ်ရှားသူဦးအေးသိန်း၊ ကိုဒီငြိမ်းလင်းတို့အပါအဝင် ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေအရ ထောင်ချခြင်းခံခဲ့ရသောတက်ကြွလှုပ်ရှားသူများနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အများအပြားပါဝင်လာခဲ့ကြသည်။
- **ဒီဇင်ဘာ ၃၀** - သမ္မတဦးသိန်းစိန်သည် မတရားအသင်းအက်ဥပဒေ၊ ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေ၊ ၁၉၅၀ အရေးပေါ်စီမံချက်အက်ဥပဒေ၊ ၁၉၇၅ နိုင်ငံတော်ကာကွယ်ရေးဥပဒေ၊ ရာဇဝတ်ပုဒ်မများဖြစ်သော ပုဒ်မ ၅၀၅၊ ၁၂၂၊ ၁၂၄ (ခ) တို့ဖြင့်လက်ရှိတရားစွဲဆိုရင်ဆိုင်နေရသော သို့မဟုတ် ပစ်ဒဏ်ချခြင်းခံထားရသော နိုင်ငံရေးအကျဉ်းသားအားလုံးတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့်ကိုကြေငြာခဲ့သည်။

ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်အနည်းဆုံးနိုင်ငံရေးအကျဉ်းသား ၅ ဦးလွတ်မြောက်လာခဲ့ကာ ၂၀၁၄ ခုနှစ်တွင် တော်တော်များများမှာထိန်းသိမ်းခံနေရဆဲဖြစ်သည်။ ပစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပေးသည့်အထဲတွင် ရခိုင်ပြည်နယ် ဘူးသီးထောင်အကျဉ်းထောင်၌ ၂၀၁၂ ခုနှစ် နှစ်လည်ခန့်ကတည်းကထိန်းသိမ်းခံထားခဲ့ရသော INGO ဝန်ထမ်း ၃ ဦး သို့မဟုတ် ရိုဟင်ဂျာလူ့အခွင့်အရေးကာကွယ်သူများဖြစ်သောဦးကျော်လှအောင်နှင့်ဦးထွန်းအောင်တို့ မပါဝင်ခဲ့ပေ။ နောက်ဆုံးလွတ်ငြိမ်းချမ်းသာခွင့်မတိုင်ခင်အချိန်က ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေဖြင့် တရားစွဲဆိုခြင်းခံထားရသူအများအပြားအပါအဝင် အနည်းဆုံးလူ ၂၀၀ ခန့်မှာ ဖိနှိပ်သောဥပဒေများဖြင့်တရားစွဲမှုကိုရင်ဆိုင်နေကြရကာ နိုင်ငံရေးအကျဉ်းသား ၄၀ ဦးနီးပါးခန့်လည်းအကျဉ်းထောင်များထဲတွင်ရှိနေခဲ့သည်။

လွတ်ပေးလိုက်သောအကျဉ်းသားများနှင့်အခြားတက်ကြွလှုပ်ရှားသူများအားကျိုးကြောင်းမဲ့ဖမ်းဆီးမှုများဆက်လက်ပြုလုပ်နေဆဲ

လွတ်ငြိမ်းချမ်းသာခွင့်များမကြေငြာခင်လေးတွင် အစိုးရသည်နိုင်ငံရေးအကျဉ်းသားဟောင်းများအပါအဝင် လူ့အခွင့်အရေးကာကွယ်သူများကို ဆက်လက်ဖမ်းဆီးထောင်ချခဲ့သည်။ ဒီဇင်ဘာလ ၁၁ ရက်နေ့သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်လွတ်မြောက်လာပြီးနာရီပိုင်းအတွင်းတွင်ပင် တက်ကြွလှုပ်ရှားသူ ၂ ဦးမှာပြန်လည်ဖမ်းဆီးခံခဲ့ရသည်။

- **ဒီဇင်ဘာ ၃** - စစ်ကိုင်းတိုင်း၊ဆားလင်းကြီးမြို့နယ် မုံရွာကြေးနီမိုင်းနေရာမှငြိမ်းချမ်းစွာဆန္ဒပြသူများအား အစိုးရမှဖြိုခွဲခဲ့သည့်တနှစ်ပြည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ရှိတရုတ်သံရုံးအပြင်ဘက်တွင် နိုဝင်ဘာလ ၂၉ ရက်နေ့ကဆန္ဒပြခဲ့မှုဖြင့်ဆက်စပ်ကာ မျိုးဆက်လူငယ်အဖွဲ့မှတက်ကြွလှုပ်ရှားသူတင်ထွတ်ပိုင်အား ရန်ကုန်မြို့ဒဂုံမြို့နယ်မှရဲများကဖမ်းဆီးခဲ့သည်။
- **ဒီဇင်ဘာ ၅** - ရန်ကုန်မြို့လှိုင်မြို့နယ်တရားရုံးမှ တက်ကြွလှုပ်ရှားသူကိုရန်နောင်ထွန်းနှင့်ကိုအောင်မင်းနိုင်တို့အား ၂၀၁၃ ခုနှစ်ဇန်နဝါရီလက ရန်ကုန်မှကချင်ပြည်နယ်မိုးမောက်မြို့နယ်လိုင်ဇာသို့ ငြိမ်းချမ်းရေးချီတက်လမ်းလျှောက်ရန်စည်းရုံးခဲ့သည့်အတွက် ငြိမ်းချမ်းစွာစုရုံးခြင်းနှင့်ဆန္ဒပြခြင်းဥပဒေဖြင့်ထောင်ဒဏ် ၇ လချမှတ်ခဲ့သည်။
- **ဒီဇင်ဘာ ၆** - ရန်ကုန်မြို့တရုတ်သံရုံးအပြင်ဘက်တွင် နိုဝင်ဘာလ ၂၉ ရက်နေ့ကဆန္ဒပြမှုနှင့်ဆက်စပ်ကာ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ ဒေါ်နော်အုံးလှအားအစိုးရအာဏာပိုင်များကဖမ်းဆီးခဲ့ကြသည်။ ဒေါ်နော်အုံးလှအား

ဖမ်းဆီးမှုသည် သူမအားနိဝင်ဘာလ ၁၅ ရက်နေ့ကသမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျဉ်းထောင်ထဲမှလွတ်ပေး အပြီးသီတင်းပတ်အနည်းငယ်အတွင်းတွင်ပင်ဖြစ်သည်။ [*၂၀၁၃ ခုနိုဝင်ဘာလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။]

- **ဒီဇင်ဘာ ၁၁** - သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့်လွှတ်ပေးလိုက်ပြီး နာရီအနည်းငယ်အတွင်းတွင် တက်ကြွလှုပ်ရှား သူကိုထင်ကျော်အားဆူပူရန်လှုံ့ဆော်သည်ဟူသော စွဲဆိုချက်ဖြင့်ထောင်အတွင်းပြန်ထည့်ရန် ရန်ကုန်မြို့မြောက် ဥက္ကလာပမြို့နယ်တရားရုံးမှအမိန့်ချခဲ့သည်။
- **ဒီဇင်ဘာ ၁၁** - သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မန္တလေးအကျဉ်းထောင်မှလွတ်မြောက်လာသည့် တက်ကြွလှုပ် ရှားသူဦးအေးသိန်းအား ထိုနေ့တွင်ပင်ဆူပူရန်လှုံ့ဆော်မှုအပါအဝင်စွဲဆိုချက်များဖြင့် အစိုးရအာဏာပိုင်များကထောင် ပြန်ချခဲ့ကြသည်။
- **ဒီဇင်ဘာ ၁၉** - ၂၀၁၂ ခုနှစ်ကမြစ်ကြီးနားရှိအစိုးရရုံးတခုတွင် ဗုံးဖောက်ခွဲရန်ကြံစည်ခဲ့သည်ဟူသောစွပ်စွဲချက်ဖြင့် ဆက်စပ်ကာ ကချင် IDP နှစ်ဦးအား ကချင်ပြည်နယ်မြစ်ကြီးနားမြို့နယ်ရှိတရားရုံးတခုက ထောင်ဒဏ်ငါးနှစ်စီချမှတ် လိုက်သည်။ ထိုနှစ်ယောက်တို့အား နိုဝင်ဘာလအတွင်းကမတရားအသင်းအက်ဥပဒေဖြင့် ထောင် ၂ နှစ်ချထားခဲ့ပြီး ဖြစ်သည်။ [*၂၀၁၃ ခုနိုဝင်ဘာလမြန်မာသတင်းလွှာ* တွင်ကြည့်ပါ။]

မြန်မာနိုင်ငံပြည်တွင်းသတင်းများ

အပစ်မရပ်စဲ၊ ရှမ်းပြည်နယ်နှင့်ကချင်ပြည်နယ်တွင်တိုက်ပွဲများသာပိုမိုလာ

ဒီဇင်ဘာလအတွင်းတွင် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများအကြား တရားဝင်ဆွေးနွေးပွဲများမရှိခဲ့ပဲ အစိုးရ၏ နှစ်မကုန်ခင်တနိုင်ငံလုံးအနှံ့အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိရမည်ဟူသောကတိသည်လည်း မပြည့်ဝ နိုင်ခဲ့ရပေ။ ဒီဇင်ဘာလတွင် ကချင်ပြည်နယ်တောင်ပိုင်းနှင့်ရှမ်းပြည်နယ်မြောက်ပိုင်းတို့၌ ကချင်လွတ်မြောက်ရေးတပ် မတော် (KIA)၊ တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) တို့နှင့်အစိုးရတပ်များအကြားတိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ကြသည်။

- **ဒီဇင်ဘာ ၄/၅** - ရှမ်းပြည်နယ်မြောက်ပိုင်းကွတ်ခိုင်မြို့နယ်တွင် KIA နှင့် TNLA ပူးပေါင်းတပ်များနှင့်အစိုးရတပ်များ တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။
- **ဒီဇင်ဘာ ၁၁** - ရှမ်းပြည်နယ်မြောက်ပိုင်းကွတ်ခိုင်မြို့နယ်မုန်စီအနီးတွင် ခမရ ၁၂၅ မှအစိုးရတပ်များနှင့် KIA တပ် များ တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဒီဇင်ဘာ ၁၆** - ရှမ်းပြည်နယ်မြောက်ပိုင်းမူဆယ်မြို့နယ်ပန်ဆိုင်းအနီးတွင် KIA တပ်များနှင့်အစိုးရတပ်များတိုက်ပွဲ ဖြစ်ပွားခဲ့သည်။
- **ဒီဇင်ဘာ ၁၆** - ရှမ်းပြည်နယ်မြောက်ပိုင်းကွတ်ခိုင်မြို့နယ်တွင် KIA တပ်များနှင့်အစိုးရတပ်များတိုက်ပွဲ ဖြစ်ပွားခဲ့သည်။
- **ဒီဇင်ဘာ ၂၀** - ကချင်ပြည်နယ်မန်စီမြို့နယ်နမ်လင်းပအနီးတွင် KIA တပ်များနှင့်အစိုးရတပ်များတိုက်ပွဲ ဖြစ်ပွားခဲ့ သည်။
- **ဒီဇင်ဘာ ၂၀** - ကချင်ပြည်နယ်မန်စီမြို့နယ်မန်ဒင်းပတွင် KIA တပ်များနှင့်အစိုးရတပ်များတိုက်ပွဲ ဖြစ်ပွားခဲ့သည်။
- **ဒီဇင်ဘာ ၂၂** - ရှမ်းပြည်နယ်မြောက်ပိုင်းကွတ်ခိုင်မြို့နယ်တွင် ခလရ ၁၄၃ မှအစိုးရတပ်များက KIA တပ်များအား တိုက်ခိုက်ခဲ့ကြသည်။
- **ဒီဇင်ဘာ ၂၂** - ရှမ်းပြည်နယ်မြောက်ပိုင်းကျောက်မဲမြို့နယ်တွင် ခမရ ၁၇ မှအစိုးရတပ်များသည် TNLA တပ်များအား တိုက်ခိုက်ရန်အတွက် လက်နက်ကြီးများအသုံးပြုခဲ့သည်။
- **ဒီဇင်ဘာ ၂၄** - ကချင်ပြည်နယ်မန်စီမြို့နယ်နမ်လင်းပတွင် KIA တပ်များနှင့်အစိုးရတပ်များတိုက်ပွဲ ဖြစ်ပွားခဲ့သည်။

ထို့အပြင် စစ်ဆင်ရေးများအတွင်း၌ အစိုးရတပ်များသည်အရပ်သားများအား ဆက်လက်၍ပစ်မှတ်ထားခဲ့ကြသည်။ ဒီဇင် ဘာလ ၉ ရက်နေ့တွင် ကချင်ပြည်နယ်မန်စီမြို့နယ်မန်ဒင်းပအနီး စပါးခင်းထဲတွင်အလုပ်လုပ်နေကြသောအရပ်သား များအား အစိုးရတပ်များမှလက်နက်ကြီးများဖြင့်ပစ်ခတ်ခဲ့ကြသည်။

သတ္တမ နှစ်မြောက်ဆက်တိုက်နှစ်အဖြစ်ဘိန်းစိုက်ပျိုးမှုမြင့်တက်လာ

ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာ UN ရုံး (UNODC) မှ "အရှေ့တောင်အာရှဘိန်းမူးယစ်ဆေးဆိုင်ရာစမ်းစစ်လေ့လာမှု ၂၀၁၃" အမည်ရှိအစီရင်ခံစာကိုထုတ်ပြန်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ အစီရင်ခံစာက အောက်ပါအတိုင်းတွေ့ရှိခဲ့သည်။

- သတ္တမနှစ်မြောက်ဆက်တိုက်နှစ်အဖြစ် ဘိန်းထုတ်လုပ်မှုမြင့်တက်လာခဲ့ကာ ယခင်နှစ်ကထက် ၂၆%မြင့်တက်လာခဲ့သည်။
- ဘိန်းစိုက်ပျိုးမှုသည် ယခင်နှစ်ကထက် ၁၃% (၅၁၀၀၀ ဟက်တာမှ ၅၇၈၀၀ ဟက်တာ) မြင့်တက်လာခဲ့သည်။
- နိုင်ငံသည် ကမ္ဘာ့ဒုတိယအကြီးဆုံး ဘိန်းစိုက်ပျိုးသည့်နိုင်ငံအဖြစ်ရှိနေဆဲဖြစ်သည်။
- မြန်မာနိုင်ငံမှဘိန်းပမာဏ၏ ၉၂%သည် ရှမ်းပြည်နယ်တွင်စိုက်ပျိုးသည်။

လူ့အခွင့်အရေး

အစိုးရမှငြိမ်းချမ်းစွာဆန္ဒပြသူများအားဖြိုခွဲ

ဒီဇင်ဘာလ ၇ ရက်နေ့တွင် အစိုးရစစ်တပ်မှကျောထောက်နောက်ခံပေးထားသော အလုပ်သမားအုပ်စုတခုသည် ရန်ကုန်မြို့သင်္ဃန်းကျွန်းမြို့နယ်တွင် ဆန္ဒပြသူများအားတိုက်ခိုက်ခဲ့ကြ၍ အနည်းဆုံး ၈ ဦးဒဏ်ရာရခဲ့ကြသည်။ ၁၉၉၀ ခု အစောပိုင်းတွင် စစ်တပ်ကသူတို့ထံမှသိမ်းယူသွားခဲ့သောမြေများအား ပြန်လည်ပေးရန်တောင်းဆိုသည့်အနေဖြင့် ဆန္ဒပြသူများသည် နိုဝင်ဘာလ ၂၆ ရက်နေ့ကတည်းကထိုင်သပိတ်ပြုလုပ်နေခဲ့ခြင်းဖြစ်ပါသည်။ ထိုတိုက်ခိုက်မှုများအပြီးတွင် အစိုးရအာဏာပိုင်များက ဆန္ဒပြသူများ၏သပိတ်စခန်းကို ဒီဇင်ဘာလ ၉ ရက်နေ့နောက်ဆုံးထား၍ပိတ်သိမ်းပေးရမည်ဟု အမိန့်ထုတ်ခဲ့သည်။ အစိုးရ၏အမိန့်ကိုအစောပိုင်းတွင်အာခံဆန့်ကျင်ခဲ့ကြပြီးနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းက မြေယာသိမ်းယူမှုများနှင့်ပတ်သက်သောတိုင်ကြားချက်များကို စုံစမ်းစစ်ဆေးရန်တာဝန်ရှိသည့်လွှတ်တော်ကော်မတီမှ သူတို့၏တိုင်ကြားပြောဆိုချက်များကိုစစ်ဆေးပေးပါမည်ဟု ကတိပေးလိုက်သည့်အတွက် ဆန္ဒပြမှုများကိုရပ်တန့်ရန် ဆန္ဒပြသူများကဒီဇင်ဘာလ ၁၂ ရက်နေ့တွင်သဘောတူခဲ့ကြသည်။

အပတ်စဉ်ဂျာနယ်အားပစ်မှတ်ထား၊ သတင်းထောက်ကိုထောင်ချ

ဒီဇင်ဘာလတွင် Eleven Media Group (EMG) မှသတင်းထောက်အားထောင်ချလိုက်ခြင်းနှင့် အပတ်စဉ်ထုတ်သတင်းဂျာနယ်အားအရေးယူပါရန် အစိုးရ၏တောင်းဆိုမှုသည် မြန်မာနိုင်ငံမှစာနယ်ဇင်းလွတ်လပ်ခွင့်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်နေမှုများအား ပိုမိုကြီးထွားလာစေခဲ့သည်။

- **ဒီဇင်ဘာ ၁၃** - အစိုးရအားထိခိုက်စေသည့် ကျင့်ဝတ်နှင့်မညီသောဆောင်းပါးများအား ပုံနှိပ်ဖော်ပြ၍ဟူသော စွပ်စွဲချက်ဖြင့် သူရိယအလင်း (Sun Rays) အပတ်စဉ်ဂျာနယ်အား အရေးယူပေးပါရန် အစိုးရပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီသို့ တောင်းဆိုလိုက်သည်။
- **ဒီဇင်ဘာ ၁၇** - ဗွီဒီယိုခိုးကူးသည်ဟုစွပ်စွဲထားသည့်ကိစ္စနှင့်ပတ်သက်၍ လွိုင်ကော်မှရှေ့နေဒေါ်အေးအေးဖြိုး၏အိမ်တွင် သူမထံမှမှတ်ချက်ရရှိရန်ကြိုးစားခဲ့သော EMG သတင်းထောက်မခိုင်အားပိုက်နက်ကျူးလွန်မှု၊ အသရေပျက်စေမှု၊ စော်ကားကြမ်းတမ်းသောအသုံးအနှုန်းများဖြင့်ပြောဆိုမှုတို့ဖြင့် ကရင်နီပြည်နယ်လွိုင်ကော်မြို့မှတရားရုံးတခုက ထောင်ဒဏ် ၃ လချမှတ်ခဲ့သည်။

အိုးအိမ်မှဖယ်ရှားခံရမှုများ

ရိုဟင်ဂျာများလူကုန်ကူးခံရမှုများတွင်ထိုင်းအာဏာပိုင်များပါဝင်ပတ်သက်နေ - စုပြုံထွက်ပြေးမှုများဆက်လက်ဖြစ်ပွား

ရိုဟင်ဂျာများသည်မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများသို့ လှေများဖြင့်ဆက်လက်ထွက်ပြေးနေစဉ်တွင် ထိုင်းနိုင်ငံတွင်ထိန်းသိမ်းထားသော ခိုလှုံရာရှာဖွေသူရိုဟင်ဂျာများအားနေရပ်ပြန်ပို့သည့်တရားဝင်မဟုတ်သောမူဝါဒတခုနှင့်ပတ်သက်၍ အသေးစိတ်များပေါ်ထွက်လာခဲ့သည်။ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ထိုင်းနိုင်ငံတောင်ပိုင်း၌ လျှို့ဝှက်စခန်းများဖွင့်လှစ်လုပ်ရှားနေသော လူကုန်ကူးမှုကွန်ယက်များသို့ရိုဟင်ဂျာရာပေါင်းများစွာအား ထိုင်းအရာရှိများက အောက်တိုဘာလကတည်းက ရောင်းစားနေခဲ့ကြသည်ဟူသောသတင်းများထွက်ပေါ်လာခဲ့သည်။ ထိုအစီရင်ခံစာတွင် လက်နက်ကိုင်ထားသောအစောင့်များသည် ထိုစခန်းများအတွင်းမှရိုဟင်ဂျာများအားရိုက်နှက်ခြင်း၊ သတ်ဖြတ်ခြင်းများပြုလုပ်ခဲ့ကြကာ ထိုရိုဟင်ဂျာများ လွတ်မြောက်ရေးအတွက် သူတို့၏သူငယ်ချင်းများ သို့မဟုတ် အမျိုးအဆွေများထံမှ ပိုက်ဆံများတောင်းခဲ့ကြသည်ဟု ဖော်ပြထားသည်။ အောက်တိုဘာလမှဒီဇင်ဘာလအတွင်းတွင် ထိုင်းနိုင်ငံရှိလူဝင်မှုကြီးကြပ်ရေး၏ထိန်းသိမ်းရေးစခန်းများ၌ ကျန်ရှိနေသောရိုဟင်ဂျာအရေအတွက်မှာ ၂၀၀၀ မှ ၁၅၄ သို့လျော့ကျသွားခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သည်။

နိုင်ငံရပ်ခြားတွင်လုံခြုံမှုရှာဖွေရန်အတွက် ခိုလှုံရာရှာဖွေသူရိုဟင်ဂျာများသည် မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ အန္တရာယ်များလှသောလှေခရီးစဉ်များဖြင့် ဆက်လက်ထွက်ခွါနေခဲ့ကြသည်။

- **ဒီဇင်ဘာ ၉** - အင်ဒိုနီးရှားနိုင်ငံဂျားဗားအနောက်ခရိုင်ကမ်းလွန်တွင် ခိုလှုံရာရှာဖွေသူအနည်းဆုံး ၃၂ ဦးအားတင်ဆောင်လာသည့် ဩစတေးလျသို့ဦးတည်သွားနေသောလှေတစင်းနစ်မြုပ်ခဲ့ပြီးနောက် ရိုဟင်ဂျာနှစ်ဦးအပါအဝင်ခိုလှုံရာရှာဖွေသူ ၃ ဦးသေဆုံးခဲ့ကြသည်။
- **ဒီဇင်ဘာ ၂၅** - ထိုင်းနိုင်ငံဖန်ငခရိုင်သို့ ခိုလှုံရာရှာဖွေသူ ရိုဟင်ဂျာ ၁၃၉ ဦးအားတင်ဆောင်လာသည့် လှေတစင်းဆိုက်ရောက်လာခဲ့သည်။ သူတို့အားမြန်မာအစိုးရရေတပ်က လူကုန်ကူးသူအုပ်စုတစုလက်ထဲသို့လွှဲအပ်ပေးခဲ့ကာ ထိုသူများသည်မြန်မာနိုင်ငံမှဖန်ငခရိုင်သို့လာရောက်ရာလှေခရီးစဉ်အတွင်းတွင် ရိုဟင်ဂျာ ၁၂ ဦးအား သတ်ဖြတ်ခဲ့ကြကာ အခြားသူတော်တော်များများကိုလည်း ရိုက်နှက်ခဲ့ကြသည်ဟု ခိုလှုံရာရှာဖွေသူများကပြောပြကြသည်။

ဒီဇင်ဘာလ ၁၂ ရက်နေ့၌ ဘန်ကောက်အခြေဆိုက် အာရကန်ပရော့ဂျက်အဖွဲ့က နိုဝင်ဘာလအတွင်းတွင် အနည်းဆုံး ရိုဟင်ဂျာ ၉၀၀၀ ခန့်ဘင်္ဂလားဒေ့ရှ်နှင့်မြန်မာနိုင်ငံအာရကန်ပြည်နယ်မှ လှေများဖြင့်ထွက်ပြေးခဲ့ကြသည်ဟုပြောကြားခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး

အစိုးရအရာရှိနှင့်မြန်မာကုမ္ပဏီ ၃ ခုကိုအမေရိကန်ကနာမည်ပျက်စာရင်းသွင်း

အစိုးရ၏ကာကွယ်ရေးစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ (DDI) အကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေးအား ၎င်းတို့၏အထူးပုံစံသတ်မှတ်ထားသောနိုင်ငံသားများ (SDN) စာရင်းထဲသို့ထည့်သွင်းလိုက်ပြီးနောက် [*၂၀၁၃ ခုနှစ်ဇူလိုင်လမြန်မာသတင်းလွှာ* ကိုကြည့်ပါ။] အမေရိကန်သည်မြောက်ကိုရီးယားနှင့်ချိတ်ဆက်မှုရှိသည့် မြန်မာကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်တဦးချင်းစီတို့အား ဆက်လက်ပစ်မှတ်ထားခဲ့သည်။ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် အမေရိကန်ဘဏ္ဍာရေးဌာနက ကုမ္ပဏီများဖြစ်သော အာရှသတ္တုကုမ္ပဏီ (Asia Metal)၊ စိုးမင်းထိုက်ကုမ္ပဏီ၊ အကောင်းဆုံးမင်နရယ်ထုတ်လုပ်မှုကုမ္ပဏီ (Excellent Mineral Manufacturing) တို့နှင့် DDI ဖြင့်ဆက်စပ်လျက်ရှိသောတပ်မတော်ဝန်ထမ်းရေးရာအရာရှိဖြစ်သည့် ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်ဦးတို့အား မြောက်ကိုရီးယားမှစစ်လက်နက်ကိရိယာများဝယ်ယူရရှိရန်လုပ်ဆောင်မှုတွင် ပါဝင်ပတ်သက်သည်ဟူသောစွပ်စွဲချက်ဖြင့်၎င်းတို့၏ SDN စာရင်းတွင်ထည့်သွင်းခဲ့သည်။ ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်ဦးနှင့်ကုမ္ပဏီ ၃ ခုတို့အတွက် ပြုလုပ်ထားသောပုံစံသတ်မှတ်ချက်များက ၎င်းတို့နှင့်စီးပွားရေးဆက်စပ်

လုပ်ဆောင်မှုများမပြုလုပ်ရန် အမေရိကန်နိုင်ငံသားများအားတားမြစ်ထားပြီး ၎င်းတို့ပိုင်ဆိုင်သည့်အမေရိကန်မှမည်သည့် ပိုင်ဆိုင်မှုကိုမဆို သိမ်းယူနိုင်မည်ဖြစ်သည်။

မြန်မာနှင့်ဂျပန်တို့ကူညီထောက်ပံ့မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆက်ဆံရေးများတိုးမြှင့်

ဒီဇင်ဘာလ ၁၃ ရက်မှ ၁၇ ရက်တွင် သမ္မတဦးသိန်းစိန်သည်ဂျပန်နိုင်ငံသို့သွားရောက်ခဲ့သည်။ ထိုခရီးစဉ်အတွင်းတွင် ဦးသိန်းစိန်သည် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့်တွေ့ဆုံခဲ့ကာ တိုကျိုတွင်ပြုလုပ်သော ဂျပန်-အာဆီယံ ဆက်ဆံရေး အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးပွဲနှင့် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးတို့သို့တက်ရောက်ခဲ့ပါသည်။ ဒီဇင်ဘာ ၁၅ ရက်နေ့ကပြုလုပ်သောတွေ့ဆုံမှုအတွင်းတွင် ဦးသိန်းစိန်နှင့်အာဘေးတို့သည် သီလဝါအထူးစီးပွားရေးဇုန်၏တိုးတက်မှု၊ ထားဝယ်အထူးစီးပွားရေးဇုံတွင်ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးမှု၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးစတင်လုပ်ဆောင်မှုများနှင့်မြန်မာနိုင်ငံစာတိုက်စနစ်ပြောင်းလဲမှုများ စသည်တို့နှင့်ပတ်သက်၍ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံ၏မီးရထားလမ်းများ၊ရေပေးဝေရေးနှင့်ဆည်မြောင်းစနစ်များ ဖွံ့ဖြိုးတိုးတက်စေရန်စီမံကိန်းများအတွက် ချေးငွေယမ်း၆၃ဘီလီယမ်(US ၆၁၀.၅၃ သန်း)ထုတ်ချေးသွားမည်ဟုအာဘေးကကတိပေးခဲ့သည်။ ဘက်နှစ်ဘက်တို့သည်ပွင့်လင်းမြင်သာမှုကိုတိုးမြှင့်ရန်၊ဂျပန်ရင်းနှီးမြှုပ်နှံသူများအတွက်အကာအကွယ်ပေးမှုနှင့်အခွင့်အရေးများကိုအလေးထားရန်စသည်တို့ပါဝင်သောနှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်နှင့်ကျန်းမာရေးကဏ္ဍတွင်ပူးပေါင်းလုပ်ဆောင်သွားရန် သဘောတူညီချက်တို့ကို လက်မှတ်ထိုးခဲ့သည်။

ဒီဇင်ဘာလအတွင်းမြန်မာနိုင်ငံဆိုင်ရာအခြားသတင်းများ

၁	ဒေါ်အောင်ဆန်းစုကြည်သည် ဩစတေးလျနိုင်ငံမဲလ်ဘုန်းမြို့တွင် ကမ္ဘာ့ AIDS နေ့အထိမ်းအမှတ်အခမ်းအနားသို့တက်ရောက်ခဲ့သည်။
၁	ရန်ကုန်မြို့ဗဟန်းမြို့နယ်တွင် နိုဝင်ဘာလ ၁၅ ရက်နေ့ကပြုလုပ်ခဲ့သော မြန်မာနိုင်ငံသို့ OIC လာရောက်မည့်ခရီးစဉ်အား ကန့်ကွက်ဆန္ဒပြပွဲအတွင်း အစ္စလာမ်ဘာသာအားစော်ကားသည့်ဆိုင်းဘုတ်များကိုင်ဆောင်ခဲ့ကြသည့် ဆန္ဒပြသူများအား အစိုးရအာဏာပိုင်များမှရေးယူသွားမည်ဟု အစိုးရသတင်းစာတစောင်ဖြစ်သော New Light of Myanmar ကသတင်းဖော်ပြခဲ့သည်။
၁	ယခုလတွင်နိုင်ငံသို့ပြောကြားသောမိန့်ခွန်းထဲ၌ သမ္မတဦးသိန်းစိန်ကငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်ပါဝင်ပတ်သက်နေသူအားလုံးအနေဖြင့် အစွန်းရောက်နည်းလမ်းများကိုမကျင့်သုံးပဲညှိနှိုင်းဆွေးနွေးခြင်းမှတဆင့် ကောင်းမွန်သောရလဒ်ကောင်းများကိုရှာဖွေသင့်သည်ဟု ပြောကြားခဲ့သည်။
၂	ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအတွက် လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရန်အဆိုပြုမှုကို ထပ်မံတောင်းဆိုထားသည့် ကြေငြာချက်တစောင်ကို NLD မှထုတ်ပြန်ခဲ့ကာ အဆိုပြုမှုအားအစိုးရမှငြင်းပယ်ခဲ့မှုအား လက်ခံနိုင်ဖွယ်မရှိဟုပြောဆိုလိုက်သည်။
၂	ရှမ်းနှစ်သစ်ကူးပွဲကျင်းပရန်အတွက် ရှမ်းတိုင်းရင်းသားရာပေါင်းများစွာတို့သည် ရန်ကုန်၌စုဝေးခဲ့ကြသည်။
၃	ICJ အဖွဲ့မှ "အကြံပေးဆွေးနွေးခွင့် - မြန်မာနိုင်ငံမှရှေ့နေများ၏လွတ်လပ်မှု" အမည်ရှိအစီရင်ခံစာတစောင်ကိုထုတ်ပြန်လိုက်ကာ ထိုအထဲတွင်ကျယ်ပြန့်စွာပျံ့နှံ့နေသောအကျင့်ပျက်ခြစားမှု၊ အဆင့်အတန်းနိမ့်ပါးသောဥပဒေဆိုင်ရာပညာရေးနှင့် နိုင်ငံရေးအရအကဲဆတ်သောဥပဒေရေးရာကိစ္စများတွင် အစိုးရအာဏာပိုင်များမှဝင်ရောက်စွက်ဖက်နေခြင်းများသည် တရားဥပဒေစိုးမိုးရေးအားယုတ်လျော့နိမ့်ကျစေကာ မြန်မာနိုင်ငံမှရှေ့နေများ၏လုပ်ငန်းဆောင်တာများကိုကြန့်ကြာနေစေသည်ဟုဖော်ပြထားသည်။
၄	မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီနှင့် INGO တခုဖြစ်သော အပြည်ပြည်ဆိုင်ရာမီဒီယာအထောက်အကူ အဖွဲ့တို့သည်စာနယ်ဇင်းသမားများအတွက် လိုက်နာရန်ကျင့်ဝတ်များကိုရေးဆွဲရန် သဘောတူညီမှုတခုအား ရန်ကုန်တွင်လက်မှတ်ရေးထိုးခဲ့ကြသည်။
၅	ဖိလစ်ပိုင်နိုင်ငံမနီလာမြို့တွင် ဖိလစ်ပိုင်သမ္မတဘီနစ်နိုအကွီနို (Benigno Aquino) နှင့်သမ္မတဦးသိန်းစိန်တို့သည် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ အသစ်ပြန်လည်ထုတ်လုပ်နိုင်သောစွမ်းအင်ဖွံ့ဖြိုးမှု၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှု၊ သတင်းအချက်အလက်မျှဝေရေးနှင့်ဗီဇာကင်းလွတ်ခွင့်ကိစ္စများအပေါ် သဘောတူညီချက်များအားလက်မှတ်ရေးထိုးခဲ့ကြသည်။
၆	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးရွှေမန်းက ဖွဲ့စည်းပုံအခြေခံဥပဒေအားမပြင်ဆင်နိုင်ခြင်းသည် အမျိုးသားရင်ကြားစေ့ရေးအား အဟန့်အတားဖြစ်စေနိုင်သည်ဟု ပြောကြားလိုက်သည်။
၆	လွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီက ဒီဇင်ဘာလ ၅ ရက်နေ့အထိတွင် ဖွဲ့စည်းပုံအခြေခံဥပ

	ဒေပြင်ဆင်ရေးအတွက် စုစုပေါင်းအကြံပြုချက်ပေါင်း ၂၅၁၂ ခုပါဝင်သောတင်ပြမှုပေါင်း ၄၄၀ အားလက်ခံရရှိထားပြီးဖြစ်သည်ဟု ပြောကြားခဲ့သည်။
၆	ရန်ကုန်မြို့ ရွှေလင်ပန်းစက်မှုဇုန်ရှိ Great Wall ဖိနပ်စက်ရုံမှအလုပ်သမား ၇၀၀ ကျော်တို့သည်လုပ်ခလစာများတိုးမြှင့်ပေးရန်နှင့်အလုပ်သမားအခွင့်အရေးအားလေးစားရန်တို့အတွက် တောင်းဆိုဆန္ဒပြခဲ့ကြသည်။
၆	EU သံအမတ်ရိုလန်ကိုဘီယာ Roland Kobia၊ အမေရိကန်သံအမတ်ဒဲရစ်မစ်ချယ် Derek Mitchell နှင့် UNODC ကိုယ်စားလှယ်ဂျေဆွန်အီလစ် Jason Eligh တို့အပါအဝင်ပူးပေါင်းအဖွဲ့သည်ရှမ်းပြည်နယ်သို့ ၅ ရက်တာခရီးစဉ်အားအဆုံးသတ်ခဲ့ကြကာ ထိုခရီးစဉ်အတွင်းတွင်သူတို့သည် ရှမ်း၊ပအို့ဝ်၊လားဟူ၊လီဆူး၊ဝနှင့်အခါလူထုများ၊ အစိုးရအရာရှိများနှင့်တွေ့ဆုံခဲ့ကြသည်။
၆	သီးခြားစီဖြစ်ပွားခဲ့သောမြေမြှုပ်မိုင်းပေါက်ကွဲမှုနှစ်ခုကြောင့် ရှမ်းပြည်နယ်ကျောက်မဲမြို့နယ်တွင် ပလောင်အမျိုးသားတဦးနှင့်ပလောင်အမျိုးသမီးနှစ်ဦးတို့သေဆုံးခဲ့ကြသည်။
၉	ရခိုင်ပြည်နယ်စစ်တွေမြို့မှတရားရုံးတခုက ၂၀၁၂ခုနှစ်အောက်တိုဘာလက ရခိုင်ပြည်နယ်မြောက်ဦးမြို့နယ်တွင်ဖြစ်ပွားခဲ့သော မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများနှင့်ဆက်စပ်၍ ရခိုင်နှစ်ဦးအားထောင်ဒဏ် ၁၀ နှစ်နှင့်အခြားရခိုင်တဦးအားထောင်ဒဏ် ၂ နှစ်ချမှတ်လိုက်သည်။
၉	သမ္မတဦးသိန်းစိန်သည် ကျေးလက်ဖွံ့ဖြိုးရေးအတွက်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်း၊ ဆင်းရဲမွဲတေမှုလျော့ချရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့်တိရိစ္ဆာန်မွေးမြူရေးစသည့်ကိစ္စများအားဆွေးနွေးနိုင်ရန်အတွက် လာအိုသမ္မတချွန်မ်မလီဆေရာစုံ Choummaly Sayasone နှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၁၀	ရခိုင်ပြည်နယ်စစ်တွေတွင် မြန်မာနိုင်ငံမှအဆင့်မြင့်ရဲအရာရှိ ၃၅ ဦးတက်ရောက်သည့် လေးရက်တာနိုင်ငံတကာရဲတပ်ဖွဲ့ဆိုင်ရာစံနှုန်းများနှင့်သက်ဆိုင်သော အလုပ်ရုံဆွေးနွေးပွဲတခုကို ICRC ကစတင်ပြုလုပ်ခဲ့သည်။
၁၀	တရုတ်ပြည်ပီကင်းမြို့မှတွေ့ဆုံမှုအတွင်း တရုတ်ဝမ်ပေါင်ကုမ္ပဏီမှကိုယ်စားလှယ်များက NLD မှကိုယ်စားလှယ်များအားမုံရွာကြေးနီမိုင်းမှသူတို့ကုမ္ပဏီ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ရှင်းလင်းပြောပြခဲ့သည်။
၁၀	လူ့အခွင့်အရေးနေ့အထိမ်းအမှတ်ကြေငြာချက်ထဲတွင် မြန်မာနိုင်ငံဆိုင်ရာ UN ဌာနေကိုယ်စားလှယ်နှင့်လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူးဘာထရန်ဘိန်းဗယ် Bertrand Bainvel က မြန်မာနိုင်ငံမှလူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက်လှုပ်ရှားနိုင်မည့်အခွင့်အလမ်းများအား စွမ်းစွမ်းတမံကာကွယ်ပေးရမည်ဟုပြောကြားလိုက်သည်။
၁၀	ထိုင်ဝမ်ဒီမိုကရေစီဖောင်ဒေးရှင်းက ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အား ၂၀၁၃ခုနှစ်အတွက် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးဆုကိုပေးအပ်ခဲ့သည်။
၁၀	ဒုတိယသမ္မတဦးညာဏ်ထွန်းနှင့်တရုတ်ဒုတိယဝန်ကြီးချုပ်လျူယန်ဒွန်း Liu Yandong တို့သည် စီးပွားရေးနှင့်နည်းပညာပူးပေါင်းဆောင်ရွက်ရေးအတွက် ကူညီထောက်ပံ့ငွေယွမ်သန်း ၅၀ (အမေရိကန်ဒေါ်လာ ၈.၂၆ သန်း) နှင့် အာဆီယံဥက္ကဌအဖြစ်လုပ်ငန်းများဆောင်ရွက်ရာတွင်မြန်မာနိုင်ငံအားကူညီရန် ထောက်ပံ့ငွေယွမ် ၁၀ သန်း (အမေရိကန်ဒေါ်လာ ၁.၆၅ သန်း) ပံ့ပိုးပေးသွားရန်သဘောတူညီချက်များကိုလက်မှတ်ထိုးခဲ့ကြသည်။
၁၀	သမ္မတဦးသိန်းစိန်သည် အရင်းအမြစ်ထုတ်နုတ်မှုဆိုင်ရာလုပ်ငန်းပွင့်လင်းမြင်သာမှုစတင်ခြင်း (EITI) အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန်အတွက် မြန်မာနိုင်ငံ၏ပြင်ဆင်နေမှုများနှင့်ပတ်သက်၍ဆွေးနွေးရန် EITI ဘုတ်အဖွဲ့ဥက္ကဌကလဲရာရှော့ Clare Short နှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၁၁	အစိုးရရွေးကောက်ပွဲကော်မရှင်က ကချင်အမျိုးသားဒီမိုကရေစီကွန်ဂရက်ပါတီအားမှတ်ပုံတင်ခွင့်ပြုလိုက်သည်။
၁၅	တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ဒီမိုကရေစီကိုအမှန်တကယ်လိုလားပါက လက်နက်စွန့်လွှတ် (လက်နက်ချ) သင့်ကြောင်းပြောကြားလိုက်သည်။
၁၆	လွှတ်တော်အခြေခံဥပဒေပြန်လည်သုံးသပ်ရေးကော်မတီက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအားပြင်ဆင်ရန်အကြံပြုထားချက်များအားဆွေးနွေးနိုင်ရန်အတွက် ဇန်နဝါရီလ ၇ ရက်နေ့တွင်နေပြည်တော်၌ ကော်မတီဝင်များတွေ့ဆုံမည်ဟုပြောကြားလိုက်သည်။
၁၆	ဥရောပသမဂ္ဂနိုင်ငံခြားရေးရာကောင်စီက ကြေငြာချက်တစောင်ထုတ်ပြန်လိုက်ကာ ကျိုးကြောင်းမဲ့စိတ်ထင်သလိုဖမ်းဆီးနေမှုများအားအဆုံးသတ်ရန်၊ လူ့အဖွဲ့အစည်းများအကြားဖြစ်ပေါ်နေသောအကြမ်းဖက်မှုများကိုဖြစ်ပွားစေသည့် အခြေခံအကြောင်းအရင်းအားကိုင်တွယ်ဖြေရှင်းရန်၊ လူ့အခွင့်အရေးအားလေးစားမှုရှိရေးအတွက်အာမခံရန်နှင့်ရခိုင်ပြည်နယ်နှင့်ကချင်ပြည်နယ်တို့မှ IDP များအားလူသားချင်းစာနာမှုဆိုင်ရာအကူအညီများအတားအဆီးမရှိပေးပို့နိုင်ရန်အတွက် လုပ်ဆောင်ပေးပါရန် မြန်မာအစိုးရအားတိုက်တွန်းလိုက်သည်။
၁၇	အစိုးရရွေးကောက်ပွဲကော်မရှင်က လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီအားမှတ်ပုံတင်ခွင့်ပြုလိုက်သည်။
၁၇	အစိုးရရွေးကောက်ပွဲကော်မရှင်က ထားဝယ်အမျိုးသားပါတီအားမှတ်ပုံတင်ခွင့်ပြုလိုက်သည်။
၁၈	တိုင်းရင်းသားနှင့်နိုင်ငံရေးပါတီ ၉ ခုဖြစ်သော အမျိုးသားဒီမိုကရေစီအင်အားစု (NDF)၊ ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ၊ ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီ၊ ပြည်ထောင်စုဒီမိုကရေစီပါတီ၊ ကရင်လူထုပါတီ၊ ငြိမ်းချမ်းရေးနှင့်မတူကွဲပြားခြားနားခြင်းပါတီ၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီနှင့်ချင်းဖွံ့ဖြိုးရေးပါတီတို့သည် ဖက်ဒရယ်ဒီမိုကရက်

	တစ်မဟာမိတ် ဟုခေါ်သောပါတီတခုအဖြစ်ပေါင်းစည်းကြမည်ဟုကြေငြာခဲ့သည်။
၁၉	လူ့အခွင့်အရေးနှင့်လူထုအခြေပြုအဖွဲ့အစည်း ၄၀ တို့သည် အမေရိကန်သမ္မတဘားရက်အိုဘားမားထံသို့ ပူးတွဲစာတစောင် ထုတ်ပြန်ပေးပို့ကာ နိုင်ငံရေးအကျဉ်းသားအားလုံးအားချွင်းချက်မရှိလွှတ်ပေးရန်နှင့် တက်ကြွလှုပ်ရှားသူများအားဆက်လက်ဖမ်းဆီးတရားစွဲဆိုနေမှုများအားရပ်တန့်စေရန်အတွက် မြန်မာအစိုးရအားဖိအားပေးပေးပါရန် တိုက်တွန်းထားသည်။
၂၀	ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးခွေမန်းနှင့် ဖနွမ်းပင်တွင်တွေ့ဆုံဆွေးနွေးခဲ့သည်။
၂၃	အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဂျေယောဝူ J Yaw Wu ကမြန်မာနိုင်ငံမြောက်ပိုင်းမှ ရွာသားများအားသူတို့၏မြေယာများမှအတင်းအကြပ်ဖယ်ရှားစေကာ သူတို့၏စားဝတ်နေရေးနေထိုင်မှုဘဝများအား ထိပါးပျက်ဆီးစေခဲ့သောဖွံ့ဖြိုးရေးစီမံကိန်းများသည် ဘိန်းစိုက်ပျိုးမှုကိုပိုမိုမြင့်တက်လာစေခဲ့သည်ဟု ပြောကြားလိုက်သည်။
၂၄	မြန်မာနိုင်ငံလွှတ်တော်က ၂၀၁၄ ခုဇန်နဝါရီလ ၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်တို့၏ နဝမအကြိမ်မြောက်ပုံမှန်လွှတ်တော်အစည်းအဝေးများကို ပြန်လည်ကျင်းပမည်ဖြစ်ကြောင်းကြေငြာခဲ့သည်။
၂၄	အစိုးရရွေးကောက်ပွဲကော်မရှင်က ဖက်ဒရယ်ပြည်ထောင်စုပါတီအား မှတ်ပုံတင်ခွင့်ပြုခဲ့သည်။
၂၄	မြေယာသိမ်းဆည်းမှုများအားကန့်ကွက်ဆန္ဒပြခဲ့သည့် လယ်သမားများအားကူညီခဲ့သည့်အတွက် ရင်ဆိုင်ခဲ့ကြရသည့်စွဲဆိုမှုများအပေါ် သူတို့၏အယူခံတင်ခဲ့မှုအား ပဲခူးတိုင်းတရားရုံးကဒီဇင်ဘာလ ၂၃ ရက်နေ့တွင် လက်ခံအတည်ပြုပေးခဲ့ပြီးနောက်အစိုးရအာဏာပိုင်များက ဒေါ်မြင့်မြင့်အေး၊မခင်မိမိခိုင်နှင့်ကိုသန့်ဇင်ထိုက်တို့အား ပဲခူးတိုင်း၊ပေါင်းတည်မြို့နယ်၊ပေါင်းတည်အကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။
၂၇	NLD အဖွဲ့ဝင်ဦးဝင်းမြင့်က NLD သည် ၂၀၀၈ အခြေခံဥပဒေမှစာပိုဒ် ၁၅၀ ခန့်အားပြင်ဆင်ရန် အကြံပြုသွားမည်ဟုပြောကြားလိုက်သည်။
၂၇	UN အထွေထွေညီလာခံက မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေအပေါ် အားလုံးသဘောတူသည့်ဆုံးဖြတ်ချက်တခုအားချမှတ်ခဲ့သည်။
၂၈	NLD က ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။
၂၈	ထိုင်းနိုင်ငံ၊တပ်ခ်ခရိုင်၊မယ်လဒုက္ခသည်စခန်းတွင်လောင်ကျွမ်းခဲ့သောမီးသည်လူ ၂ ဦးအားဒါဏ်ရာရစေခဲ့ကာ အိုးအိမ် ၁၂၀ အားပျက်စီးစေခဲ့သည်။
၂၈	ရန်ကုန်မြို့၌ ၃ ရက်တာ မြန်မာလူထုစည်းဝေးပွဲကိုကျင်းပခဲ့သည်။

ဒီဇင်ဘာလအတွင်းထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အစီရင်ခံစာများ

"အကြံပေးဆွေးနွေးခွင့် - မြန်မာနိုင်ငံမှရှေ့နေများ၏လွတ်လပ်မှု" အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင် International Commission of Jurists (ICJ) http://bit.ly/1khFyC9

"ခြစားခြင်းသိမြင်နိုင်မှုအညွှန်း ၂၀၁၃" နိုင်ငံတကာပွင့်လင်းမြင်သာမှုအဖွဲ့ Transparency International (TI) http://bit.ly/1fil8bK

"ကြိုးဆွဲရာကရသည့်ရုပ်သေးရုပ်မဟုတ် - အပြောင်းအလဲကာလမှမြန်မာနိုင်ငံ၏ဥပဒေပြုမှု" အပြည်ပြည်ဆိုင်ရာပဋိပက္ခအဖွဲ့ International Crisis Group (ICG) http://bit.ly/1cvDJgI

"အရှေ့တောင်အာရှဘိန်းနှင့်ပတ်သက်သောစမ်းစစ်မှု ၂၀၁၃ - လာအို၊မြန်မာ" မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာ UN ရုံး UN Office on Drugs and Crime (UNODC) bit.ly/18PPBJu

"အလုပ်ရုံဆွေးနွေးပွဲ - မြန်မာနိုင်ငံမှတိုင်းရင်းသားပဋိပက္ခ - ပြင်းပြသောဆန္ဒများမှအဖြေသို့" Transnational Institute and Burma Centrum Nederland (TNI-BCN) http://bit.ly/18V31nu

"နှစ်လည်ဦးတည်ရာများ ၂၀၁၃" UN ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး UN High Commissioner for Refugees (UNHCR) http://bit.ly/1bupLL5